ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (20-1-2008) (၅၆၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ Royal Regalia ပြတိုက်ကို ကြည့်ရှုလေ့လာကြပြီး ဘရူနိုင်း ဒါရုဆလမ်နိုင်ငံမှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၉

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြပြီး Royal Regalia ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Royal Regalia ပြတိုက်မှ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Peinn Dato Haji Abdullah Mudin Haji Bakar နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းဆက်များ၏ မင်းမြောက်တန်ဆာပစ္စည်းများ၊ တော်ဝင်သုံးပစ္စည်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် မင်းခမ်းမင်းနားခင်းကျင်းပုံပြကွက်များကို လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Royal Regalia ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး နိုင်ငံတော်ဝန်ကြီးချုပ်အား ယဉ်ကျေးမှု၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာန ပြတိုက်ညွှန်ကြားရေးမှူး Mr. Pudarmo Binchin က ဂါရဝပြုလက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြတိုက်မှတာဝန်ရှိသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်သည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘန်ဒါဆရီဘီဂါဝန်မြို့ ဖွံ့ဖြိုးသာယာလှပမှုများနှင့် Jerudong Park တို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ခေတ္တတည်းခိုသည့် Empire Hotel & Country Club သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၃၅မိနစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် Empire Hotel & Country Club မှ မော်တော်ယာဉ်များဖြင့် ဘန်ဒါဆရီဘီဂါဝန်လေဆိပ်သို့ ရောက်ရှိကြရာ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး **Honourable Pehin Haji Suyoi** ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၈) နောက်ဆုံးနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပတို့မှ ရတနာကုန်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရတနာကုန်သည်များက ဇန်နဝါရီ ၁၅ရက်မှ ၁၈ရက်အထိ ကျောက်မျက်နှင့် ကျောက်စိမ်းများကို ကြည့်ရှုခဲ့ကြပြီး BARGAIN စနစ်ဖြင့်ဝယ်ယူရန် သက်ဆိုင်ရာတင်ဒါပုံးများတွင် ထည့်သွင်းထားသော ဖွင့်ဖောက်ရန်ကျန်ရှိနေသည့် ကျောက်စိမ်း BARGAIN FORM များကို စစ်ဆေးရေးအဖွဲ့များက နံနက် ၇ နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေးကြပြီး နံနက် ၉နာရီတွင် စတင်ရောင်းချရာ ကျောက်စိမ်း ၃၅၇တွဲ ရောင်းချရပြီး နံနက် ၁၁နာရီ မိနစ် ၄၀ တွင် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ယင်းရောင်းချပွဲတွင် အမြင့်ဆုံး ဈေးပေးဝယ်ယူကြသော ရတနာကုန်သည်များအား ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များက ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၇၃၇ ဦးနှင့် ပြည်ပရတနာကုန်သည် ၂၈၁ ဦးတို့ ဝယ်ယူခဲ့ကြသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၁၉–၁–၂၀၀၈)

လွိုင်လင်	– (၀)ဒီဂရီစင်တီဂရိတ်
နမ့်စန်	– (၁)ဒီဂရီစင်တီဂရိတ်
ဟဲဟိုးနှင့်အမ်း	– (၂)ဒီဂရီစင်တီဂရိတ်စီ
ဟားခါး	– (၃)ဒီဂရီစင်တီဂရိတ်
လားရှိုးနှင့်ပင်လောင်း	– (၄)ဒီဂရီစင်တီဂရိတ်စီ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၁-၂၀၀၈
(တနင်္ဂနွေနေ့)

မြန်မာ-ဘရူနိုင်း ချစ်ကြည်ရင်းနှီးမှုတိုးတက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ဇန်နဝါရီလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဇန်နဝါရီလ ၁၆ ရက်နေ့က ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်အား ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ နန်းတော်သို့ သွားရောက်တွေ့ဆုံပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က **သာယာလှပသည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ပါကြောင်း၊ ယခု ခရီးစဉ်သည် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါကြောင်း** ပြောကြားသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာကလည်း **မြန်မာနိုင်ငံနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့ သံတမန်ထူထောင်ပြီး သက်တမ်းတစ်လျှောက် နှစ်နိုင်ငံဆက်ဆံရေးကို ပုဂ္ဂိုလ်ရေး ခင်မင်ရင်းနှီးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုများသည် ကနဦးတွင် ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးများမှ အစပြုခဲ့ပါကြောင်း၊ ဤအခြေခံကောင်းများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနေသည်ဟု ယုံကြည်ပါကြောင်း** ပြန်လည်ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ခရီးစဉ်အတွင်း ဘရူနိုင်း Shell Petroleum ရေနံမြေသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ဘရူနိုင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ ခင်မင်ရင်းနှီးမှု ဆက်ဆံရေးကို ခိုင်မာတိုးတက်စေပြီး ဘက်စုံဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်မည် ဖြစ်ပါသည်။ ။

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

(၂၈)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံနှင့် (၉)ကြိမ်မြောက် FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ ယင်းဟိုတယ်၌ နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း မှတ်ပုံတင်နိုင်ကြသည်။

ယင်းညီလာခံနှင့်အတူ စာတမ်းများဖတ်ကြားခြင်း၊ သက်ကြီးပူဇော်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းများနှင့် ဆေးကုမ္ပဏီပြခန်း ခင်းကျင်းပြသခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်အိမ်ရာနေ ဒေါ်စီစီမိုး၏ (၃၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပုသိမ်-မုံရွာလမ်းတွင် စက်ယန္တရားကြီးများဖြင့် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ နံနက် ၈ နာရီခွဲတွင် ပျော်ဘွယ်-နတ်မောက် မိုင်တိုင်အမှတ် (၃၇/၀)သို့ ရောက်ရှိပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော နတ်မောက်-ရှာတော် လမ်းအူကြောင်း ရှာဖွေဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ပျော်ဘွယ်-နတ်မောက် ကားလမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းပြုပြင်ထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နတ်မောက်မြို့နယ် ရွာမွန်ရှိ လမ်းပြုပြင်ထိန်းသိမ်းရေး ယာယီရင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က ခရိုင်ချင်းဆက်လမ်းအမှတ်(၁) စီမံကိန်း ဆောင်ရွက်မှုအခြေအနေ၊ အရှည် ၁၃၂ မိုင် ခြောက်ဖာလုံရှိ ပျော်ဘွယ်-ရွာမွန်-နတ်မောက် ခရိုင်ချင်းဆက် လမ်းအူကြောင်းသစ် သတ်မှတ်တိုင်းတာဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က ကားလမ်းဖောက်လုပ်ရာတွင် လမ်းသားအကျယ်မှန်ကန်ရေး၊ တံတားများ၌ ကမ်းကပ်ခံ ရေရှည်ခိုင်ခံ့အောင် စနစ်တကျတည်ဆောက်ရေး၊ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့နယ် တံခွန်(ချောင်းရှည်) ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် တံခွန်(ချောင်းရှည်) ရေလှောင်တမံမြေဖို့နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ဗိုလ်ချုပ်ခင်ဇော်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ဆိပ်ဖြူ-ဆော-ကန်ပက်လက် လမ်းမိုင်တိုင် ၁၈၆ မိုင် ငါးဖာလုံသို့ ရောက်ရှိကြပြီး ပုသိမ်-မုံရွာလမ်း(ကဇွန်းမ-မုံရွာလမ်းအပိုင်း) ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်က လမ်းသစ်ဖောက်လုပ်မှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ပုသိမ်-မုံရွာလမ်း ကဇွန်းမမှ ဝက်ခုတ်အထိ ဖောက်လုပ်ပြီး တစ်ကြောင်းထိုးလမ်းအား ပေ ၄၀ အကျယ် လမ်းအဖြစ် စက်ယန္တရားကြီးဖြင့် ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ပခုက္ကူခရိုင် ဆောမြို့သို့ ရောက်ရှိကြရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဆောမြို့ သစ်ထုတ်လုပ်ရေးရိပ်သာ၌ တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစန်းမော်ခင်က ငဖဲ၊ စေတုတ္တရာ၊ လောင်းရှည်၊ ဆော၊ ကျောက်ထု၊ ထီးလင်း ခရိုင်ချင်းဆက်လမ်းပိုင်း ကွင်းဆင်းလေ့လာတိုင်းတာမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ကန်ပက်လက်မြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦးနှင့် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဟု ခေါ်ဆိုနိုင်အောင် ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားရန်နှင့် ထောပတ်သီး၊ ဖျုံဥနှင့် ဝဥ တို့ကို စိုက်ပျိုးကြရန်၊ ဒေသဆန်ဖူလုံမှု ရှိစေရေးအတွက် ရေတော် မိုးတော်စပါးနှင့် နွေစပါးတို့ကို လျာထားချက်ပြည့်မီစေရန်နှင့် ကုန်းမြင့်လယ်ယာများကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်၊ နွားနောက်ကို ကောင်ရေ ငါးသောင်းမှ တစ်သိန်းအထိ တိုးချဲ့မွေးမြူပြီး ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရန်၊ ချင်းပြည်နယ်သည် ရေ၊ မြေကောင်းမွန်သည့် ဒေသဖြစ်၍ မိုးရေချိန်အပြည့်အဝရရှိသည့်အတွက် ကုန်းမြင့်လယ်ယာများ တိုးချဲ့လုပ်ကိုင် စိုက်ပျိုးကြရန် မှာကြားသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၉

ဒလမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သက်သက်စိန်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလှထွေး၊ မြို့နယ်ကြက်ခြေနီ ဒုတပ်ရင်းမှူး ဦးအောင်မြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်လှမင်းတို့ ဦးဆောင်၍ ကမာကဆစ်ရပ်ကွက်တွင် ဇန်နဝါရီ ၁၇ ရက်က ကျန်းမာရေးဌာနဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက်ပိုးလောက်လမ်းစစ်ဆေးခြင်း၊ ရေစီးရေလာကောင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။**(အောက်ပုံ)**(၅၄၂)

လားရှိုးတက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

လားရှိုးတက္ကသိုလ် နှစ်(၃၀)ပြည့်အထိမ်းအမှတ်အဖြစ် ၁၉၇၈မှ ၂၀၀၈ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ၁၆ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မျိုးဆက်သစ် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်ဥဥမြင့်(ပါမောက္ခ၊သင်္ချာဌာန) ဖုန်း-၀၉၅၂၆၁၇၈၅၊ ဦးငွေအောင် (ရွှေဆိုင်၊ မြို့မဈေး) ဖုန်း-၀၉၅၂၆၁၉၉၃၊ ဦးဆန်းဦး (လားရှိုးညွန့်ပုံနှိပ်တိုက်) ဖုန်း-၀၈၂-၂၃၄၄၁၊ ဦးလေးအောင် (မင်းမင်းစတိုး၊ ရပ်ကွက်-၃) ဖုန်း-၀၉၅၂၆၁၈၄၅၊ ဦးမျိုးမြင့် (စက်မှု-၁) ဖုန်း-၀၉၅၂၃၂၄၇၂၊ ဦးမျိုးမင်းဇော် ဖုန်း-၀၉၅၂၆၀၉၀၉၊ ဦးနော်ခမ်းလိုင် (ကောင်းဟွာပုံနှိပ်တိုက်) ဖုန်း-၀၈၂-၂၃၇၁၈နှင့် ဦးမောင်မောင် (အထည်ဆိုင်၊ မြို့မဈေး) ဖုန်း-၀၉၅၂၆၀၈၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၉

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂိ ပျော်ဘွယ်ပရိယတ္တိ စာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂိပျော်ဘွယ်ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်းပြည်ပ သာသနာပြုဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ဇန်နဝါရီ ၂၀ ရက်တွင် ညတရားပွဲ၊ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် လူငယ်တရားပွဲနှင့် ညတရားပွဲ၊ ၂၂ရက် မွန်းလွဲ ၁ နာရီတွင် လူငယ်များတရားပွဲနှင့် ညတရားပွဲများကို ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြို့နယ်ဓမ္မာရုံ၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်ညတွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၇)ရပ်ကွက် ဓမ္မာရုံ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၃၊ ၁၄ရက်တို့တွင် ဓနုဖြူမြို့နယ် ဖန်ခါးကွင်းကျောင်း၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၆၊ ၁၇၊ ၁၈ ရက်တို့တွင် ညောင်တုန်းတရားပွဲ၊ ၂၀၊ ၂၁ ရက်တို့တွင် ပျော်ဘွယ်မြို့နယ် ဇီတောကျောင်းဘုရားပွဲအကြို အထူးတရားပွဲတို့ကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

မကောင်းသောစိတ်၏ စေရာ

စိတ်သည် အရာရာကို ဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် မကောင်းသော စိတ်အကြံဖြင့် ဝစီကံပြောဆိုခြင်း၊ ကာယကံပြုလုပ်ခြင်းတို့ကြောင့် ထိုသူ၏နောက်သို့ (လှည်းဘီးစက်ဝန်းသည် ဝန်ဆောင်သောနွား၏ ခြေရာနောက်သို့ အစဉ်လိုက်ဘိသကဲ့သို့) ဒုက္ခဆင်းရဲသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ ၁)

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ(သဘောရေးဖြေ) ရွေးချယ်ရေးစာမေးပွဲ အရှင်သူမြတ် ၁၁၉ပါးတို့ ဝင်ရောက်ဖြေဆို

ကမ္ဘာပေါ်တွင် အခက်ခဲဆုံးနှင့် အရှည်ကြာဆုံး စာမေးပွဲကြီးဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၉

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ (သဘောရေးဖြေ) ရွေးချယ်ရေးစာမေးပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆက်လက်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ ဖူးမြော်ကြည်ညိုသည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ (သဘောရေးဖြေ) ရွေးချယ်ရေးစာမေးပွဲ ဖြေဆိုတော်မူလျက်ရှိကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည့် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ(သဘောရေးဖြေ) ရွေးချယ်ရေးစာမေးပွဲတွင် သံဃာတော်များ ဝင်ရောက်ဖြေဆိုတော်မူကြစဉ်။ (သတင်းစဉ်)

အဆိုပါ ရွေးချယ်ရေးစာမေးပွဲသို့ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအဂ္ဂိသရိယာဘိဝံသ၊ မကွေးမြို့ သံဃာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစိန္တာသာရ၊ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိသရာဘိဝံသ၊ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သာသနနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒသာမိ၊ သာကေတမြို့နယ် ပါဠိကာရီကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ်ီသ၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက် အာဂမနယပဒေသကျောင်းဆရာတော် စ-အဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥယျာဘိဝံသ၊ မန္တလေးမြို့ အဝေရာရာမ ရန်ကင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဒါတသိရီဘိဝံသနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋက မဟာဂန္ထဝင်ကျောင်းတိုက်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသတို့ အမှူးပြု၍ စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မွန်းလွဲ ၁ နာရီခွဲတွင် မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ရောက်ရှိလာပြီး အကြိမ် (၆၀) မြောက် တိပိဋကဓရ တိပိဋကကောဝိဒ (သဘောရေးဖြေ) ရွေးချယ်ရေး စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုတော်မူလျက်ရှိကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများအား သင်္ကန်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့နေ ဦးကျော်ဆန်းမြင့်-ဒေါ်သင်းသင်းဦး မိသားစုတို့က စာဖြေသံဃာတော်များအား သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ ဇန်နဝါရီ ၂၄ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါ စာမေးပွဲကြီးတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၁၅ရက်အထိ အာဂုံပြန်ဆိုပွဲကို ကျင်းပခဲ့ပြီး သာသနာ့အာဇာနည် အရှင်သူမြတ် ၁၁၃ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူခဲ့ကြသည်။ သဘောရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ဆက်လက်ကျင်းပလျက်ရှိပြီး သာသနာ့အာဇာနည် အရှင်သူမြတ် ၁၁၉ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူလျက်ရှိကြသည်။

ယင်းတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ၂၀၀၇ခုနှစ်အထိ (၅၉)နှစ်တာ ကာလအတွင်း သာသနာ့အာဇာနည် အရှင်သူမြတ်များ ပေါ်ထွန်းခဲ့သည်။

အာဂုံ/ရေးဖြေ နှစ်ရပ်စလုံးတွင် အောင်မြင်တော်မူကြသော သာသနာ့ အာဇာနည် အရှင်သူမြတ်များမှာ ပိဋက သုံးပုံအောင် ၁၁ပါး၊ ပိဋက နှစ်ပုံခွဲ အောင်ငါးပါး၊ ပိဋကနှစ်ပုံအောင် ၁၃ပါး၊ ပိဋကတစ်ပုံအောင် ၁၁၄ပါး၊ ပိဋကတစ်ပုံအောင်နှင့် မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ် အောင်တစ်ပါး၊ ပိဋကတစ်ပုံအောင်နှင့် သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်အောင် တစ်ပါး၊ ပိဋကတစ်ပုံနှင့် မဇ္ဈိမနိကာယ် အောင်နှစ်ပါး၊ သံယုတ္တနိကာယ်နှင့် အင်္ဂုတ္တရနိကာယ်အောင် တစ်ပါး၊ အင်္ဂုတ္တရနိကာယ်အောင် သုံးပါး၊ သံယုတ္တနိကာယ်အောင် နှစ်ပါး၊ မဇ္ဈိမနိကာယ်အောင် သုံးပါးနှင့် ဝိနည်းရှေ့ပိုင်းအောင် ၂၅၁ပါးတို့ဖြစ်ကြပြီး အာဂုံသက်သက် အောင်မြင်သော သာသနာ့အာဇာနည် အရှင်မြတ်များမှာ ပိဋကသုံးပုံဆောင် သုံးပါး၊ ပိဋက နှစ်ပုံခွဲဆောင် ၁၂ပါး၊ ပိဋက နှစ်ပုံ ဆောင် ၄၂ပါး၊ ပိဋက တစ်ပုံဆောင် ၃၅၉ပါး၊ ပိဋကတစ်ပုံနှင့် မဇ္ဈိမနိကာယ် ဆောင် တစ်ပါး၊ မဇ္ဈိမနိကာယ်ဆောင် တစ်ပါး၊ သံယုတ္တနိကာယ်ဆောင် တစ်ပါး၊ အင်္ဂုတ္တရနိကာယ်ဆောင် တစ်ပါးနှင့် ဝိနည်းရှေ့ပိုင်းဆောင် ၄၆၂ပါးတို့ ဖြစ်ကြသည်။

အဆိုပါ တိပိဋက တိပိဋကကောဝိဒ စာမေးပွဲကြီးသည် ၃၃ရက်တိုင်တိုင်ရေးဖြေ၊ နှုတ်ဖြေတို့ဖြင့်ဖြေဆိုရသော ကမ္ဘာပေါ်တွင် အခက်ခဲဆုံးနှင့် အရှည်ကြာဆုံး စာမေးပွဲကြီးဖြစ်ကြောင်း သိရှိရသည်။

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ကျင်းပခဲ့ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်ဖူးမြော် ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ကြသည်။ (သတင်းစဉ်)

အာဂုံ/ရေးဖြေ နှစ်ရပ်စလုံးတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်များမှာ ပိဋကသုံးပုံအောင် ၁၁ပါး၊ ပိဋကနှစ်ပုံခွဲအောင် ငါးပါး၊ ပိဋကနှစ်ပုံအောင် ၁၃ ပါး၊ ပိဋကတစ်ပုံအောင် ၁၁၄ ပါး၊ ပိဋကတစ်ပုံအောင်နှင့် မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ်အောင် တစ်ပါး၊ ပိဋကတစ်ပုံအောင်နှင့် သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်အောင် တစ်ပါး၊ ပိဋကတစ်ပုံနှင့် မဇ္ဈိမနိကာယ်အောင် နှစ်ပါး၊ သံယုတ္တနိကာယ်နှင့်အင်္ဂုတ္တရနိကာယ်အောင် တစ်ပါး၊ အင်္ဂုတ္တရနိကာယ်အောင် သုံးပါး၊ သံယုတ္တနိကာယ်အောင် နှစ်ပါး၊ မဇ္ဈိမနိကာယ်အောင် သုံးပါးနှင့် ဝိနည်းရှေ့ပိုင်းအောင် ၂၅၁ပါးတို့ဖြစ်ကြသည်။

အစ္စရေးက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသွားသည့် ပါလက်စတိုင်းကလေးငယ်အား ဖခင်ဖြစ်သူက ဆေးရုံတွင် နှစ်သိမ့်နေသည်ကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်၏ အရှေ့အလယ်ပိုင်းခရီးစဉ် သွေးထိုးသပ်လျှိုသည့်ခရီးဟု အီရန်သမ္မတပြောကြား

တီဟီရန် ဇန်နဝါရီ ၁၉

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် အရှေ့အလယ် ပိုင်းသို့ လာရောက်လည်ပတ်ခဲ့ရာတွင် ဒေသတွင်း၌ သွေးခွဲသပ်လျှိုရေး မျိုးစေ့များချသွားကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က စွပ်စွဲပြောကြားလိုက်သည်။

သမ္မတဘုရှ်သည် အရှေ့အလယ်ပိုင်းသို့လာရောက်ရာတွင် အီရန်ကို ခြိမ်းခြောက်ရေးအတွက် အာရပ်နိုင်ငံများအား သတိပေးခဲ့သည်ဟု အီရန်သမ္မတက ပြောကြားသည်။

အစ္စရေးတို့လည်း အီရန်ကို မတိုက်ရဲကြောင်း အီရန်ခေါင်းဆောင်က အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြား၏ တွေ့ဆုံ မေးမြန်းခန်း၌ ပြောကြားသည်။

အစ္စရေးနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်ခတ်မည်ဟု ကြေညာခဲ့ခြင်းကို အကြောင်းပြု၍ အီရန် သမ္မတက အထက်ပါအတိုင်းပြောကြားလိုက်ခြင်း ဖြစ်သည်။ ဂျူးအခြေစိုက်နိုင်ငံများအား ခြိမ်းခြောက်မှုမှ ကာကွယ်ရန် တာဝေးပစ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်မည်ဖြစ်ကြောင်း အစ္စရေးမီဒီယာများက ရေးသားဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဆီယံနှင့် ယူနန်ပြည်နယ် ကုန်သွယ်ရေး ၂၀၀၇ ခုနှစ်တွင် ရာခိုင်နှုန်း၄၀ နီးပါးတိုးတက်

ကူမင်း ဇန်နဝါရီ ၁၈

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးသည် ၂၀၀၇ ခုနှစ်တွင် ရာခိုင်နှုန်း ၄၀ နီးပါးတိုးတက်လာသည်ဟု တရုတ်နိုင်ငံ အကောက်ခွန်ဌာန စာရင်းအင်းများက ဖော်ပြသည်။

ထိုကာလအတွင်း ယူနန်ပြည်နယ်နှင့် အာဆီယံတို့အကြား အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၃၃၀၀ ဖိုးအထိ ရှိလာသည်။

မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်နယ်စပ်ချင်းထိစပ်နေသောတရုတ်နိုင်ငံ၏ ပြည်နယ်သည် ၂၀၀၇ ခုနှစ်အတွင်း အာဆီယံနိုင်ငံများသို့ စက်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် ဓာတ်မြေသြဇာများကို တင်ပို့ခဲ့သည်။ တင်ပို့ကုန်တန်ဖိုး စုစုပေါင်းသည် အမေရိကန်ဒေါ်လာ သန်း ၂၁၇၀ ဖိုးရှိကြောင်း ကူမင်း အကောက်ခွန်ဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာ၌ရွေးကောက်ပွဲဆန္ဒပြသူများအား ရဲတပ်ဖွဲ့က ပစ်ခတ် နှိမ်နင်း၍ ၆၀၀ ကျော်သေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၁၉

ကင်ညာနိုင်ငံတစ်ဝန်း၌ ဇန်နဝါရီ ၁၆ ရက်မှ ၁၈ရက်အထိ ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ ဆက်တိုက် ပြုလုပ်ခဲ့သည်။

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာရဲတပ်ဖွဲ့က ပစ်ခတ် နှိမ်နင်းခဲ့၍ ၆၀၀ ကျော် သေဆုံးခဲ့ရသည်။ နောက်ဆုံးဆန္ဒပြမှုတွင် ရဲတပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်မှုကြောင့် မွမ်ဘာသာအရပ်၌ဆန္ဒပြသူတစ်ဦးသေဆုံးပြီးနိုင်ရိုဘီမြို့တွင် တစ်ဦး ဒဏ်ရာရရှိသွားသည်။

သေဆုံး

ဇန်နဝါရီ ၁၆ရက်နှင့် ၁၇ရက်က ကင်ညာနိုင်ငံ၌ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့က ဆန္ဒပြသူများအား ပစ်ခတ် နှိမ်နင်းခဲ့ရသည်။

သပိတ်မှောက်

ယင်းဆန္ဒပြပွဲများအပြီး အတိုက်အခံများက နည်းဗျူဟာပြောင်းလဲမည်ဖြစ်ကြောင်း အတိုက်အခံများက ဆန္ဒပြသူများအား ပြောကြားလိုက်သည်။

အတိုက်အခံအဖွဲ့ဖြစ်သည့်လိမ္မော်ရောင် ဒီမိုကရက်တစ်လှုပ်ရှားမှု (အိုဒီအမ်)အဖွဲ့ကသမ္မတ ကီဘာကီ၏ အသိမိတ်ဆွေကုမ္ပဏီများကို သပိတ်မှောက်သွားမည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် သမ္မတရွေးကောက်ပွဲ ရလဒ်အပေါ် မကျေနပ်၍ အစိုးရဆန့်ကျင်ဆန္ဒပြမှုကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာနှင့် အမေရိကန်တို့ ဗင်နီဇွဲလားခေါင်းဆောင်ကို လုပ်ကြံရန် ကြံစည်နေဟုဆို

မနာဂွါ ဇန်နဝါရီ ၁၈

ကိုလံဘီယာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် မိမိအားလုပ်ကြံသတ်ဖြတ်ရန် ပူးပေါင်းကြံစည်နေကြသည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်က ဇန်နဝါရီ ၁၆ ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

ထိုစွပ်စွဲချက်ကို ကိုလံဘီယာနိုင်ငံကလည်း လျင်မြန်စွာ တုံ့ပြန် ပြောကြားသည်။ ဗင်နီဇွဲလားနိုင်ငံအနေဖြင့် သမ္မတအယ်လ်ဗာရိုဦရူဘီခေါင်းဆောင်သော ကိုလံဘီယာနိုင်ငံကို တိုက်ခိုက်ပြောကြားနေသည်များကို ရပ်တန်းကရပ်သင့်ကြောင်း၊ ဗင်နီဇွဲလားအနေဖြင့် မိမိကိုယ်မိမိ စောင့်ထိန်းသင့်ကြောင်း ကိုလံဘီယာနိုင်ငံက ပြန်လှန်ပြောကြားခဲ့သည်။ တောင်အမေရိကဒေသရှိ ကိုလံဘီယာနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ရင်းနှီးသော မဟာမိတ်နိုင်ငံ ဖြစ်သည်။

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာတွင် အမေရိကန်အရာရှိများနှင့် ကိုလံဘီယာ စစ်ဘက် အရာရှိများရှိနေသည်။ ၎င်းတို့က မိမိအား လုပ်ကြံရန် ပူးပေါင်းကြံစည်နေကြကြောင်း၊ ကိုလံဘီယာနှင့်ဗင်နီဇွဲလားနှစ်နိုင်ငံ ပဋိပက္ခဖြစ်လာ စေရန် ကြိုးပမ်းနေကြကြောင်း ချားဗက်စ်က နီကာရာဂွါနိုင်ငံသို့ ရောက်ရှိစဉ် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘောဒီးယားတွင် ခွေးများကို အသုံးပြု၍ မြေမြှုပ်မိုင်းများကို ရှာဖွေ

ဖနောင်ပင် ဇန်နဝါရီ ၁၈

မိုင်းဗုံးများနှင့် မပေါက်ကွဲသေးသော ခဲယမ်းလက်နက်များကို ရှာဖွေတတ်စေရန် ခွေး ၁၆ ကောင်ကို ကမ္ဘောဒီးယားမိုင်းရှာဖွေရေး ဗဟိုဌာနက လေ့ကျင့်ပေးထားပြီး ပြည်တွင်းစစ်အတွင်းက ကြွင်းကျန်နေသော ဗုံးဟောင်းများကို ရှာဖွေလျက်ရှိကြောင်း အထက်တန်းအရာရှိတစ်ဦးက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ထိုခွေးများသည် မိုင်းဗုံးများကို ထိထိရောက်ရောက် ရှာဖွေပေးနိုင်စွမ်းရှိသည်ဟု မိုင်းရှာဖွေရေးဗဟိုဌာနမှ ကမ်ဆိုဖန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းခွေးများကို ဆွီဒင်နိုင်ငံ အကူအညီဖြင့် ကိုဆိုဗိုနိုင်ငံမှတစ်ဆင့်ရယူပြီး ကမ္ဘောဒီးယားနိုင်ငံတွင် တစ်နှစ်ကြာ လေ့ကျင့်ပေးခဲ့ရသည်ဟု ဆိုသည်။

မိုင်းရှာဖွေရေးကိရိယာဖြင့် ရှာဖွေပါက မြေအောက်အနက်၌ရှိသော မိုင်းဗုံးကို ရှာဖွေ၍မရနိုင်သော်လည်း လေ့ကျင့်ပေးထားသည့် ခွေးများကမူ ထိရောက်စွာ ရှာဖွေပေးနိုင်ကြောင်း ကမ်ဆိုဖန်က ပြောကြားသည်။ ယင်းခွေးများကို အပြည်ပြည်ဆိုင်ရာ မိုင်းရှာဖွေရေး လုပ်ငန်းများ၌ အများအပြား အသုံးပြုနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့ တိရစ္ဆာန်ရုံတွင် လသားအရွယ် ပိုလာဝက်ဝံဖြူတစ်ကောင်ကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နယူးယောက်မြို့တွင် တုပ်ကွေးရောဂါဖြစ်ပွားနေ ကျန်းမာရေးဌာနက သတိပေးထား

နယူးယောက် ဇန်နဝါရီ ၁၈

နယူးယောက်မြို့တွင် နိုဝင်ဘာလမှစ၍ တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့နေ၍ ကျန်းမာရေးဌာနအနေဖြင့် အရေးပေါ် ကုသပေးရမှုများ ပြုလုပ်ပေးနေရသည်ဟု နယူးယောက်မြို့ ကျန်းမာရေးဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားသည်။ ပြည်သူများအနေဖြင့် တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံကြရန်လည်း ကျန်းမာရေးဌာနက တိုက်တွန်းထားသည်။ တုပ်ကွေးရောဂါသည် နယူးယောက်တွင် ဖြစ်ပွားနေသည်။ သို့သော် သင်နှင့်သင့်မိသားစုကို ရောဂါဘေးမှ ကာကွယ်ရန် အချိန်မနှောင်းသေးပါဟု နယူးယောက်ကျန်းမာရေး ကော်မရှင်နာ သောမက်အာရ်၊ ဖရက်ဒင်က ပြောကြားသည်။

တုပ်ကွေးရောဂါသည် သက်ကြီးပိုင်းများနှင့်ကလေးငယ်များတွင်ဖြစ်ပွားပါက အသက်ဆုံးရှုံးသည်အထိ ဒုက္ခပေးနိုင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ နောက်ဆုံးသတင်းများ

အီရန်သို့ လျှို့ဝှက်သတင်းပေးရန် ကြိုးပမ်းသူ အစ္စရေးတရားရုံးက ပြစ်ဒဏ်ချမှတ်

ဂျေရုဆလင် ဇန်နဝါရီ ၁၉

အီရန်ကို လျှို့ဝှက်သတင်းများရောင်းစားရန် ကြိုးပမ်းခဲ့သည့် စစ်ဘက်စိတ်ရောဂါကု ဆရာဝန်တစ်ဦးကို အစ္စရေးတရားရုံးက ဇန်နဝါရီ ၁၇ ရက်တွင် ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

စိတ်ရောဂါကုဆရာဝန် ဒေးဗစ်ရှာမားသည် ဆေးဘက်တပ်ဖွဲ့မှတ်တမ်းများနှင့် စစ်ကာလတပ်ဖွဲ့ဖြန့်ကြက်ချထားမှုအစီအစဉ်များကို ပေးမည်ဟု အင်တာနက်၊ ဖက်စ်တို့မှတစ်ဆင့် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် အစ္စရေး ရန်ဘက်အဖွဲ့များကိုဆက်သွယ်သည်ဟု တရားရုံးစာများတွင် ဖော်ပြထားသည်။

ရှာမားသည် လောဘ၏စေ့ဆော်မှုကြောင့် ယင်းပြစ်ဒဏ်ကို ကျခံရခြင်းဖြစ်သည်ဟု တဲလ်အဗစ်ခရိုင်တရားရုံးက ပြောကြားသည်။ ၎င်းသည် အစ္စရေး၏ရန်ဘက် အီရန်ကို မည်သည့်သတင်းမျှ မပေးရသေးကြောင်း တရားရုံးအမိန့်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘိုလီးဗီးယား၌ ယာဉ်မတော်တဆဖြစ်ပွား ကိုးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

လီမာ ဇန်နဝါရီ ၁၉

ဘိုလီးဗီးယားနိုင်ငံ အင်ဒင်း အဝေးပြေးလမ်းမတွင် ဇန်နဝါရီ ၁၇ရက်က ယာဉ်မတော်တဆမှု ဖြစ်ပွားရာ အနည်းဆုံး ကိုးဦး သေဆုံးပြီး သုံးဦးဒဏ်ရာပြင်းထန်စွာ ရရှိသည်။

ခေါင်းချင်းဆိုင်တိုက်

လာပက်ဇ်မြို့မှ ၂၅ ကီလိုမီတာ အကွာရှိ လာပက်ဇ်-ကိုပါကာဘာနာ အဝေးပြေးလမ်းမပေါ်တွင် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီက မီနီဘတ်စ်တစ်စီးနှင့် အမှိုက်ကား တစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့က ယာဉ်တိုက်မှုဖြစ်ရခြင်းအကြောင်းကို စုံစမ်းလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် တပ်ဖွဲ့ဝင်များက မသင်္ကာသူတစ်ဦးအား ဇန်နဝါရီ ၁၈ ရက်က စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားနိုင်ငံ၏ လက်နက်ဝယ်ယူရေး အစီအစဉ် စိုးရိမ်ဖွယ်ကောင်းကြောင်း ကန်ရေတပ်ဗိုလ်ချုပ် ပြောကြား

ဘိုဂိုတာ ဇန်နဝါရီ ၁၉

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်၏ စစ်လက်နက်များဝယ်ယူရေးအစီအစဉ်သည် အလွန်စိုးရိမ်စရာဖြစ်ကြောင်း အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌ ကိုလံဘီယာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် ဇန်နဝါရီ ၁၇ ရက်က ပြောကြားသည်။

ချာဗက်ဇ်၏ အစီအစဉ်များသည် စိုးရိမ်ဖွယ်ကောင်းကြောင်း၊ လက်တင်အမေရိကတွင် ထပ်မံ၍ တည်ငြိမ်မှု လျော့ပါးသွားနိုင်သည်ဟု ယူဆကြောင်း ရေတပ်ဗိုလ်ချုပ် မိုက်ခ်မယ်လင်က ပြောကြားသည်။ ၎င်းသည် ၂၀၀၇ ခုနှစ် အောက်တိုဘာလ အမေရိကန်တပ်ဖွဲ့ ထိပ်တန်းအရာရှိနေရာကို ဆက်ခံရရှိသူသည်။

ဗင်နီဇွဲလားနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ရုရှားနိုင်ငံမှ ဆူခိုက်တိုက်ဂျက်လေယာဉ် ၂၄ စင်းနှင့် ကာလက်ချ်နီကော့ အေကေ-၁၀၃ ရိုက်ဖယ် ၁၀၀၀၀၀ ကို ဝယ်ယူခဲ့ပြီး ရေငုပ်သင်္ဘောများ ဝယ်ယူရေးအတွက်လည်း ဆွေးနွေးလျက်ရှိသည်။ ယင်းသို့လုပ်ဆောင်မှုများသည် လိုအပ်လျက်ရှိသည့် ဗင်နီဇွဲလားနိုင်ငံ၏လုံခြုံရေးကို ကာကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ချာဗက်ဇ်က ပြောကြားခဲ့သည်။

ယင်းသို့လုပ်ဆောင်ခြင်းသည် ကိုလံဘီယာနိုင်ငံအတွက် စိုးရိမ်ဖွယ်မရှိသော်လည်း လက်တင်အမေရိကဒေသနှင့် အမေရိကန်နိုင်ငံတို့အတွက် စိုးရိမ်ဖွယ်ရှိကြောင်း ဘိုဂိုတာမြို့၌ မယ်လင်က သတင်းထောက်များအား ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံကို ဆန့်ကျင်ပြီး အမေရိကန်နှင့် ကိုလံဘီယာနိုင်ငံတို့သည် လျှို့ဝှက်စွာ ကြံစည်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ဇန်နဝါရီ ၁၆ ရက်က ချာဗက်ဇ်၏ စွပ်စွဲပြောကြားချက်ကိုလည်း မယ်လင်က ပြန်လည်ငြင်းဆိုခဲ့သည်။

ယင်းသို့စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း ကိုလံဘီယာကာကွယ်ရေးဝန်ကြီး ဂျူအန်မာနူလ်ဆန်တိုစ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ မူလန်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ ကနေဒါတပ်ဖွဲ့ဝင် ခုနစ်ဦးဒဏ်ရာရ

အော့တဝါ ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ဇန်နဝါရီ ၁၆ ရက်ညပိုင်းက လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကနေဒါတပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ကနေဒါရုပ်သံ(စီတီဗွီ)က ဇန်နဝါရီ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

ကန်ဒါဟာမြို့ အနောက်တောင်ဘက် ၃၅ ကီလိုမီတာအကွာ ပန်ဂျာဝီခရိုင်၌ ကနေဒါတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၅ ရက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကနေဒါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီးနောက် ဇန်နဝါရီ ၁၆ ရက် ညပိုင်းက လမ်းဘေးဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီက အီရတ်သို့ လျှပ်စစ်ဓာတ်အားပို့မှုရပ်ဆိုင်း အီရတ်ရေနံချက်စက်ရုံ လည်ပတ်နိုင်ခြင်း မရှိဟုဆို

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

တူရကီနိုင်ငံက အီရတ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချမှု ရပ်ဆိုင်းမှုနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် လောင်စာနည်းပါးမှုတို့ကြောင့် အီရတ်မြောက်ပိုင်းဒေသရှိ ရေနံမြေများတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရခြင်း ဖြစ်ကြောင်း လျှပ်စစ်ဓာတ်အားပေး ဝန်ကြီးဌာနက ကြာသပတေးနေ့က ပြောကြားသည်။

ရေနံမတင်ပို့နိုင်

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် တူရကီနိုင်ငံသို့ တင်ပို့နေသည့် မြောက်ပိုင်းဒေသရှိ ရေနံပိုက်လိုင်းမှ ရေနံတင်ပို့မှုများ မပြုလုပ်နိုင်ဘဲ ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံ ရေနံချက်လုပ်နိုင်ခြင်းမရှိခဲ့ပေ။

ဘေဂျီနှင့် အီရတ်တောင်ပိုင်းဒေသရှိ ရှုအိဘာ ရေနံချက်စက်ရုံနှစ်ခုစလုံးသည် အင်္ဂါနေ့တွင် လည်ပတ်ခြင်း မရှိခဲ့ကြပေ။

ဖြည့်ဆည်းပေးနေ

အဆိုပါ ရေနံချက်စက်ရုံနှစ်ခုက အီရတ်ပြည်တွင်းအတွက် အသုံးပြုရန် ဓာတ်ဆီ၊ဒီဇယ်ဆီ၊သဘာဝဓာတ်ငွေ့နှင့် ရေနံဆီများကို ဖြည့်ဆည်းပေးနေကြ စက်ရုံများဖြစ်သည်။

အီရတ်တွင် မတည်မငြိမ်မှုကြောင့် လောင်စာပြတ်လပ်မှု အခြေအနေ ကြုံတွေ့နေရသည့် အချိန်သည် ကြာမြင့်နေပြီဖြစ်ပြီး ပြည်တွင်းဝယ်လိုအား ဖြည့်ဆည်းပေးရန်ပင် အခက်အခဲဖြစ်နေသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်တွင် တပ်ဖွဲ့ဝင်ဟောင်းငါးဦးကို ဖမ်းဆီး

မနီလာ ဇန်နဝါရီ ၁၉

ဖိလစ်ပိုင်သမ္မတ အာရိုယိုကို ရာထူးမှဖြုတ်ချရန် နောက်ထပ်ကြိုးပမ်းခဲ့သည့် တပ်ဖွဲ့ဝင်ဟောင်း ငါးဦးကို ဖိလစ်ပိုင်လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

လက်ဝဲအုပ်စုများက ဆန္ဒပြပွဲကျင်းပစဉ်အတွင်း တပ်ဖွဲ့ဝင်ဟောင်းများက အာဏာသိမ်းမှုဖြစ်ပွားနိုင်သည့် အလားအလာကြောင့် ဖိလစ်ပိုင်စစ်ဘက်နှင့် ရဲဘက်က မြို့တော် မနီလာတစ်ဝန်း၌ ယခုရက်သတ္တပတ်တွင် တပ်လှန့်ထားခဲ့သည်။

စွဲချက်တင်

အဖမ်းဆီးခံရသူများမှာ ဖိလစ်ပိုင် လက်ရွေးစင်တပ်ဖွဲ့ဝင် လေးဦးနှင့် မရိန်းတပ်ဖွဲ့ဝင်ဟောင်း တစ်ဦးတို့ဖြစ်သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ ရဲတပ်ဖွဲ့က ၎င်းတို့ကို လက်နက်ခဲယမ်းမီးကျောက် တရားမဝင်ပိုင်ဆိုင်မှုဖြင့် စွဲချက်တင်ကာ အင်္ဂါနေ့က ဖမ်းဆီးခြင်းဖြစ်သည်။

အစိုးရတည်ငြိမ်မှုမရှိစေရန် နောက်ထပ်ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ဖွယ်ရှိသည်ဟု အမျိုးသားရဲမှုခင်းစုံစမ်းစစ်ဆေးရေးရုံးမှ ရဲအုပ်ဖြစ်သူ မိုက်ကယ်ဖီလပ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနှင့် ပါလက်စတိုင်း အပြန်အလှန်တိုက်ခိုက်

တဲလ်အဗစ် ဇန်နဝါရီ ၁၉

အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား အပြန်အလှန်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ သောကြာနေ့က အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ဒုံးကျည် ၁၆စင်း ကျရောက်ပေါက်ကွဲခဲ့သည်။ အစ္စရေးက ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ယနေ့တွင် ပါလက်စတိုင်းနယ်မြေသို့ လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း နှစ်ဦး သေဆုံးကြောင်း သိရသည်။ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခကြောင့် ယခုရက်သတ္တပတ်အတွင်း ပါလက်စတိုင်းတို့ဘက်မှ အနည်းဆုံးသေဆုံးသူ ၃၀ရှိကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

အင်တာနက်။

အမေရိကန်ရေတပ် ရဟတ်ယာဉ်ပျက်ကျ၊ သုံးဦးသေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၁၉

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ဇန်နဝါရီ ၁၆ရက်ညပိုင်းက အမေရိကန် ရေတပ်ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး တစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ကြာသပတေးနေ့တွင် စီအင်န်အင်န်ကဖော်ပြသည်။

အမေရိကန်ရေတပ်၏ အမ်အိပ်ချ်-၅၃အမျိုးအစား ပင်လယ်နဂါးအမည်ရှိ ရဟတ်ယာဉ်သည် ကော်ပတ်ခရစ်စတီးဒေသတောင်ဘက် ခုနစ်ကီလိုမီတာခန့် အကွာတွင် လယ်ကွင်းထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့က ဇန်နဝါရီ ၁၇ရက်စောစောပိုင်းတွင် လေယာဉ်အမှုထမ်းသုံးဦး၏ အလောင်းကို တွေ့ရှိခဲ့သည်။ ဒဏ်ရာရရှိသည့် လေးယောက်မြောက် လေယာဉ်အမှုထမ်းကို တက္ကဆက်ပြည်နယ် ကော်ပတ်ခရစ်စတီးဒေသရှိ ဆေးရုံသို့ တင်ပို့ခဲ့သည်။

၎င်းရဟတ်ယာဉ်သည် စစ်ရေးလေ့ကျင့်နေစဉ် မြူများထူထပ်စွာ ကျရောက်မှုကြောင့် ပျက်ကျရခြင်းဖြစ်သည်။ အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ တမီလ်နာဒူးမြို့တွင် ရိုးရာကျွဲခတ်ပြိုင်ပွဲ ကျင်းပစဉ် ကျွဲခတ်ခံရသည့် အမျိုးသားတစ်ဦးကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆရာနှင့် နာဆရီယာမြို့၌ တိုက်ပွဲများပြင်းထန်၊ ၆၆ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံ ဘာဆရာမြို့နှင့် နာဆရီယာမြို့တို့တွင် အီရတ်တပ်ဖွဲ့ဝင်များနှင့် အစွန်းရောက် စစ်သွေးကြွတပ်ဖွဲ့ဝင်များ ယနေ့တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီးနောက် စုစုပေါင်း ၆၆ ဦး သေဆုံးသွားကြောင်း ယနေ့ညပိုင်း အင်တာနက်သတင်းများ၌ ဖော်ပြပါရှိသည်။

အင်တာနက်။

✻ ကျောဖုံးမှ

နံနက် ၆ နာရီခွဲတွင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာရှိ ပဲတီစိမ်းသီးနှံ ပန်းတိုင်အထွက်နှုန်း အထူးဇုန် ဧက ၃၃၀၀ သို့ ရောက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ ကွင်းအမှတ် (၈၄၈)၊ ဦးပိုင်အမှတ်(၄၂/၁)ရှိ လယ်သမားကြီး ဦးမြင့်သောင်း၏ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေကြာ(၂) နေကြာသီးသန့် တစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခင်းကျင်းပြသထားသည့် ရေဆင်း (၉)နှင့် ရေဆင်း (၁) ပဲတီရွှေဝါမျိုးအပါအဝင် ပဲတီစိမ်းမျိုးများ၊ တီကောင်စွန့်ပစ်သြဂဲနစ်မြေဆွေးများနှင့် မွေးမြူထားသော မြန်မာ၊ ဥရောပ၊ အာဖရိကနှင့် အိန္ဒိယတီကောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ပဲတီစိမ်း မျိုးကောင်းမျိုးသန့်များကို ပိုမိုတိုးချဲ့ဖြန့်ဖြူးပေးရေး၊ တီကောင်စွန့်ပစ်သြဂဲနစ်မြေဆွေး အသုံးချမှု နည်းပညာများကို တွင်ကျယ်စွာအသုံးချနိုင်ရေးအတွက် ပညာပေးဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ သုံးခွမြို့နယ် ပတုတ်ကျေးရွာသို့ သွားရောက်၍ ကွင်းအမှတ် (၈၃၂)၊ ဦးပိုင်အမှတ် (၈၈/၁)ရှိ လယ်သမားကြီး ဦးတင်ကြီး၏ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေကြာ(၂) နေကြာသီးသန့် တစ်ဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ငွေကျပ်သိန်း ၅၀ အပါအဝင် အလှူရှင်များက အလှူငွေကျပ် စုစုပေါင်း ငွေကျပ် ၂၁၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် သာသနဓောတိက မစိုးရိမ်တိုက်သစ် မဟာနာယက၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဒုတိယမဟာနာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသရာဘိဝံသက စာသင်တိုက်တည်ထောင်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်။

ဆက်လက်၍ စေတီတော်အလှူရှင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက သာသနိကအဆောက်အအုံများ တည်ဆောက်ရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း လျှောက်ထားကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် မစိုးရိမ်တိုက်သစ်ကြီးများ၏ မဟာနာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ သကျသီဟဓမ္မာစရိယ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာရှိ ပဲတီစိမ်းသီးနှံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒိုချက်ကင်မှို၊ ဝါးရုံမြေ၊ ဖွဲနုတို့ဖြင့် ဒိုချက်ကင်(ဝါးရုံမြေ) သဘာဝမြေဩဇာ ပြုလုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တောင်ပိုင်းခရိုင်တွင် နေကြာ ၂၂၈၀၁ ဧက၊ ပဲတီစိမ်း ၃၄၃၉၃၉ ဧက စိုက်ပျိုးထားပြီး နှမ်းစပါး လျာထားဧက ၇၉၀၀၀ အနက် ဧက ၄၂၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ ကျင်းပသည့် သာသနဓောတိက မစိုးရိမ်တိုက်သစ် (မန္တလေးမစိုးရိမ်တိုက်သစ်ခွဲ) စာသင်တိုက်ဖွင့်ပွဲ၊ သာသနိကအဆောက်အအုံများ ရေစက်ချလှူဒါန်းပွဲနှင့် မဟာဝိဇယစေတီတော်နှင့် ကျောင်းတော်ကြီးဘုံဆောင် ထီးတော်တင်လှူပွဲ အခမ်းအနားတို့သို့ တက်ရောက်ကြည်ညိုသည်။

ထို့နောက် မဟာဝိဇယစေတီတော်နှင့် ကျောင်းတော်ကြီး ဘုံဆောင် ထီးတော်တင်လှူပွဲကို ကျင်းပရာ ရှေးဦးစွာ စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်တို့ အမှူးပြု၍ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဘုံအဆင့်ဆင့်သို့ ပင့်ဆောင်ပူဇော်မည့် ပန်းရထားသို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကာ မဟာဝိဇယစေတီတော်နှင့် ကျောင်းတော်ကြီး ဘုံဆောင်ရှိ ဘုံအဆင့်ဆင့်တို့သို့ ပန်းရထားဖြင့် ပင့်ဆောင်တင်လှူကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။

(သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ စေတီတော်အလှူရှင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုနှင့် အလှူရှင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သာသနဓောတိက မစိုးရိမ်တိုက်သစ် (မန္တလေးမစိုးရိမ်တိုက်သစ်ခွဲ) စာသင်တိုက်ကို တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မစိုးရိမ်တိုက်သစ် မင်္ဂလာမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် သာသနိက အဆောက်အအုံများ ရေစက်ချလှူဒါန်းပွဲကို အဆိုပါ မစိုးရိမ်တိုက်သစ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မစိုးရိမ်တိုက်သစ်ကြီးများ၏ မဟာနာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ သကျသီဟဓမ္မာစရိယ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြကာ စိန်ဖူးတော်၊ ထီးတော်၊ ပရိတ်ရေနှင့် ပရိတ်သဲများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စာသင်တိုက်ငွေပဒေသာပင်အတွက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုတို့က

ဇန်နဝါရီ ၁၇ ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးခန့်ဇော်၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် တာဝန်ရှိသူများ ကော့မှူးမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ ဆက်သွယ်သည့်လမ်းကို ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နေခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင် ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/ စည်ပင်)

ခရီးသွားမှတ်တမ်းကို ဆေးရောင်ခြယ်သည့် ပန်းချီခရီးသည်

သတင်းနှင့်ဓာတ်ပုံ – တင်ဝင်းလေး (ကြည့်မြင်တိုင်)

မွေတော် ကက္ကူ ဘုရားမှ တိုင်းရင်းသားတို့

ရန်ကုန် ဇန်နဝါရီ ၁၉

ယခုနှစ် ပွင့်လင်းရာသီတွင် အနုပညာပန်းချီပန်းတို့ အရောင်အသွေးစုံစွာ သူ့ထက်ငါ အပြိုင်အဆိုင်ပွင့်လျက်ရှိနေသည်။ ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ သမ္မတဟိုတယ် ပထမထပ်တွင် ပြသသည့် ပန်းချီဆရာကြီး လှတင်ထွန်း၏ **"ပန်းချီခရီးသည်"**ဟု အမည်ပေးထားသော တစ်ကိုယ်တော် ပန်းချီပြပွဲသို့ ဝင်ရောက်ကြည့်ရှု ခံစားမိရင်း အနုပညာချစ်သူတို့ထံ ပန်းသတင်းလေညင်းဆောင်၍ တင်ပြလိုက်ပါသည်။

ပြပွဲကို ဇန်နဝါရီ ၁၇ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားသည်။ ပြပွဲတွင် ပန်းချီဆရာ ခရီးသွားစဉ်က ရောက်ခဲ့သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ မြစ်ကြီးနား၊ စစ်ကိုင်း၊ သထုံ၊ ပြင်ဦးလွင် စသည့်မြို့များ၏ ထင်ရှားသော သာသနိကအဆောက်အအုံများနှင့် တောတောင်ရေမြေ ရှုခင်းတို့အား သရုပ်မှန် ရေးနည်းစနစ်ဖြင့် ဆေးရောင်စုံခြယ်သ တင်ပြထားသည်။

အငယ်ဆုံး ၁၀လက်မ X၁၆ လက်မမှသည် အကြီးဆုံး ၄ ပေ X၆ ပေ ရှိသည့် ပန်းချီကားများကို ပြသထားသည်။ ပြည်ပသို့ ရောက်ခဲ့စဉ်က ရေးဆွဲမှတ်တမ်းတင်ထားသည့် ပန်းချီကား ၁၀ ကားအပါအဝင် ရေဆေးပန်းချီကား ၂၅ ကား၊ ဆီဆေး ပန်းချီကား ၂၅ ကား စုစုပေါင်း ပန်းချီကား ၆၀ ကို ဝေဝေဆာဆာ ပြသထားသည်။

ပြပွဲပန်းချီကားများထဲမှ **"ရွှေတိဂုံဘုရားလမ်း"** ဟု အမည်ပေးထားသော ရေဆေးပန်းချီကားမှာ ယခုပွဲတွင် ပန်းချီဆရာ၏ အအောင်မြင်ဆုံးလက်ရာမွန် ပန်းချီကားချပ်ဟု ဆိုနိုင်သည်။ ရေဆေးကို ဆီဆေးနှင့် ဂုဏ်ဒြပ်တူအောင် အားထုတ်ရေးဆွဲနိုင်မှုမှာ အတုယူစရာပင်ဖြစ်သည်။

ထို့အတူ **ကောင်းမှုတော်၊ မွေတော်ကက္ကူ၊ ရွှေတိဂုံမြောက်ဘက်မုခ်၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗဟန်း**စသော ရေဆေးပန်းချီကားများကို ကြည့်ရခြင်းအားဖြင့် ဆေးအစို၊ အခြောက်ရေးနည်းကို ပေါင်းစပ်၍ ကျွမ်းကျင်လိမ္မာစွာ အသုံးချရေးဆွဲထားခြင်းကြောင့် ရေးဆွဲသူ၏သမ္မာကို ဖော်ပြနေသည်။

ဆီဆေးပန်းချီလက်ရာများတွင် **ရွှေတိဂုံည၊ ပုဂံနံနက်ခင်း၊ ပုဂံညနေခင်း၊ အာနန္ဒာဘုရားပွဲ၊ ပုပ္ပားတောင်** စသည်တို့ကို ကြည့်ရှုရသည်မှာ ရှေးပန်းချီဆရာတို့၏ ဟန်အတိုင်းပင်ဖြစ်သည်။ ရသမြောက် ပန်းချီကားများဖြစ်သည့်အတွက် ကြည့်ရှုသူကိုယ်တိုင် ထိုဒေသသို့ ရောက်ရှိသွားသယောင် ခံစားမိသည်။

ပန်းချီခရီးသည် ဆရာလှတင်ထွန်းအား မေးမြန်းခွင့်ရခဲ့ရာ **"ရေဆေးဟာ ပန်းချီ ဆရာများရဲ့ ငယ်ချစ်ဦးပါ။ ရေဆေးကို မြတ်မြတ်နိုးနိုး ရေးဆွဲခဲ့ရင်းက ပညာနှင့် အသိက ဒုတိယအချစ် ဆီဆေးကို ထပ်မံ ခင်တွယ်မိတာပါ"**ဟု ဆရာက တင်စားပြောကြားခဲ့သည်။

ပန်းချီခရီးသည် လှတင်ထွန်းသည်ကား ရှေးရိုးပန်းချီကို ယနေ့ခေတ်အမြင်ဖြင့် ပညာပေါင်းကူး ဆက်စပ်၍ ရေးနည်းရေးဟန် အသစ်ထွင်ပြီး ခရီးသွားမှတ်တမ်းအား ထူးခြားစွာ ရေးဖွဲ့ထားခြင်းကြောင့် ကြည့်ရှုလေ့လာသင့်သော ပန်းချီပွဲတစ်ပွဲဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)

သက်ရှိလောကတည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

❖ ကျောဖုံးမှ

အစီအစဉ်ဖြင့် ရပ်ကွက်ပေါင်း ခုနစ်ရပ်ကွက်သို့ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ဖြန့်ဝေနိုင်ရန် ဆောင်ရွက်နေပြီဖြစ်သည်။

အထက်ပါရပ်ကွက်များမှာ ၇၀၊ ၇၁၊ ၇၂၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇ရပ်ကွက်တို့ဖြစ်ပြီး လူဦးရေ၇၄၀၇၆ဦး နေထိုင်ကြသည်။

ဂါလန်တစ်သိန်းဆံ့

ယခု ဆောင်ရွက်နေပြီဖြစ်သည့် ရေပေးဝေရေးစီမံကိန်းကို ၁၀၇ရပ်ကွက် မြသဇင်လမ်းအနီးရှိ မြေနေရာ၌ အကောင်အထည် ဖော်နေခြင်းဖြစ်သည်။ အချင်း ၁၀လက်မရှိ အဝီစိတွင်းများတူးဖော်နေပြီဖြစ်သည်။ အဝီစိတွင်းပေါင်းမှာ ရှစ်တွင်းဖြစ်သည်။ အဝီစိတွင်းများနှင့် တစ်ပြိုင်တည်းဖြစ်စေရန် ရေဂါလန်တစ်သိန်းဆံ့ သံကူကွန်ကရစ်ကန်သုံးကန်ကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။

ရေကောင်းရေသန့် ရရှိရေးအတွက် ရေတွင်ပျော်ဝင်နေသော သံဓာတ်များကို နည်းပညာအသုံးပြု၍ ဖယ်ထုတ်သွားမည်ဟု အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ပြောပြသည်။

ရေနှင့်ရောနေသော သံဓာတ်အဝါဖတ်များသည် သဲ၊ ဖွဲ၊ ပြာနှင့် တည်ဆောက်ထားသော ရေစစ်ကန်များကို အဆင့်ဆင့်စီးဆင်းစေမည်။ ထို့ကြောင့် သံဓာတ်အဝါဖတ်များသည် ရေစစ်ကန်များအတွင်းကျန်ခဲ့ပြီးသန့်စင်သောရေသန့်များသည်ရေစုကန်အတွင်း ရောက်စေသော စနစ်ဖြစ်ကြောင်းဖြင့် ဌာနမှူးက ဆက်လက်ပြောပြသည်။

ရေစုကန်များရှိသန့်စင်ပြီးရေများကို ရေတွန်းစက်များအသုံးပြုပြီး ၁၆လက်မ ပိုက်များဖြင့် ရပ်ကွက် ခုနစ်ရပ်ကွက်သို့ တစ်နေ့လျှင် ရေဂါလန်တစ်သန်းနှုန်း ဖြန့်ဝေသွားမည်ဖြစ်သည်။

(ကြေးမုံ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၇၅)နှစ်ပြည့် စိန်ရတုဂုဏ်ပြု နှင်းဆီရနံ့၊ ဆွတ်ပျံ့ထုံမွှေး၊ မွှေးလွန်းလေ ကဗျာစာအုပ် ပုံနှိပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၉

ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာကြီး ဒေါက်တာထီလာစစ်သူ (The Great Poet Laurate, Japan) Ph.D., in Poetry and Composition, D.Litt(DUBLIN)သီကုံးဖွဲ့နွဲ့စပ်ဆိုသည့် **"စစ်ကိုင်းတောင်ရိုး၊ မြူခိုးလွှင်၊ သခင်လွမ်းဘိ၊ စောင်းကြိုးညှိ၊ ဆိုသည့်တေးလျှင်၊ သံလွင်လွင်"**-----ဟု အစချီကဗျာရှည်ကြီးပါဝင်သည့် ကဗျာစာအုပ်ကြီး**(ယာပုံ)**ကို ပုံနှိပ်ထုတ်ဝေလိုက်သည်။

၎င်းကဗျာစာအုပ်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (အငြိမ်းစား)က အမှာစာရေးပေးထားသည်။ "ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရားရှင်၏ မဟာဝါပါဠိတော်မှာ ပါရှိသည့်အတိုင်း---ယောဘိက္ခဝေမံ၊ ဥပဋ္ဌဟေယျ၊ သောဂိလာနံ ဥပဋ္ဌဟေယျ။ ချစ်သားတို့၊ ငါဘုရားကို၊ လုပ်ကျွေးလိုသော၊ ထိုပုဂ္ဂိုလ်သည်၊ ဂိလာနဘိုးဘွား၊ လုပ်ကျွေးသွားလော့---"ဟူသော ဆုံးမသြဝါဒစကားကို ကဗျာရှည်ကြီးတွင် ထည့်သွင်းစပ်ဆိုထားသည်။ ဘွားဦးဖွန်း၏ဓာတ်ပုံ၊ မြန်မာ့အလင်းဦးတင်၏ ဓာတ်ပုံ၊ ဥက္ကဋ္ဌ အဆက်ဆက်၏ဓာတ်ပုံများ၊ လက်ရှိ အလုပ်အမှုဆောင်အဖွဲ့၏ ဓာတ်ပုံတို့နှင့်တကွ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှတ်(၂၁)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်မှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင်ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စီးပွားရေးစီမံခန့်ခွဲရေး ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေးစီမံခန့်ခွဲရေး အသိပညာပေး ဟောပြောပွဲများကို စနေတစ်ပတ်ခြား ကျင်းပလျက်ရှိရာ ဇန်နဝါရီဒုတိယပတ် ဟောပြောပွဲကို ရောဝတီမြေပဲဆီသန့်၏ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ၂၆ရက်မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲရေးဌာန ဒုတိယဌာနမှူး ပါမောက္ခဒေါ်ခင်စန်းရီက အခက်အခဲစီမံခန့်ခွဲခြင်းမှ အခက်အခဲဦးဆောင်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

မည်သူမဆို အခမဲ့ လာရောက်နားထောင်နိုင်သည်ဟုသိရသည်။

(ကြေးမုံ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ရပ်ကွက်ပြည်သူများက ကျေးဇူးတင်စကား ပြောကြားကြစဉ်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူရှင်များရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသော ကျပ်တစ်သောင်းနှင့်အထက် ပဒေသာပင်အလှူရှင်များ၏ (၄၈)ကြိမ်မြောက် ရေစက်ချအလှူမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ ဂုဏ်ပြုဧည့်ခံပွဲကို ဇန်နဝါရီ ၂၆ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် အဆိုပါဆေးရုံကြီး၌ကျင်းပမည်ဖြစ်ရာ ၂၀၀၇ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်းလှူဒါန်းခဲ့ကြသော အလှူရှင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်သည်။

အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်း ရှိ၊မရှိကို ဖုန်း-၅၄၁၇၉၅ နှင့် ၅၄၅၇၈၂ သို့ဇန်နဝါရီ ၂၅ရက် နောက်ဆုံးထား အကြောင်းပြန်ကြားရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

လှိုင်သာယာမြို့နယ် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်း၏၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၂ရက်တွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဟိတ်က ဒုတိယတန်းမှ ပထမဆုရရှိသူ မမေသဇင်ဦးအား ဆုချီးမြှင့်စဉ်။(က-ပ)

ဂါရဝပြုထောက်ပံ့

ဇန်နဝါရီ ၁၈ရက်က မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် အမှုဆောင်များ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် နာယက အားကစားကလောင်ရှင် ဆရာကြီးဦးကြည်ညွန့် (စစ်ကိုင်းကြည်ညွန့်)အား ဂါရဝပြု ဂုဏ်ပြုငွေကျပ် ငါးသောင်းနှင့် အားဆေးများ ပေးအပ်စဉ်။ (အား/ကာ)

ထူးထူးခြားခြား နိုင်ငံတကာဖြစ်ရပ်များ

သတ္တုနှင့်ဖန်ထည် စားသောက်သူ

သတ္တလောကကြီးတွင် ထူးခြားဆန်းပြားသော ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်လျက်ရှိသည့်အနက် ပြင်သစ်နိုင်ငံသား မီခေးလိုတီတို**(အပေါ်ပုံ)**၏ စားသောက်မှုပုံသဏ္ဌာန်ကလည်း သာမန်လူသားတို့နှင့်မတူ ကွဲပြားခြားနားနေပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းစားသောက်သော အစားအစာများမှာ သတ္တုနှင့် ဖန်ထည်များဖြစ်နေသောကြောင့်ပင်။ ၁၉၅၉ခုနှစ်မှစတင်၍ သတ္တုနှင့် ဖန်ထည်များကို စတင်စားသောက်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏တစ်နေ့တာ စားသောက်မှုပမာဏမှာ နှစ်ပေါင်ရှိကြောင်းသိရသည်။

၁၉၆၆ခုနှစ်မှစ၍ ယနေ့အထိ၎င်းစားသောက်ခဲ့သော သတ္တုထည်များတွင် စက်ဘီး ၁၈စီး၊ ဆူပါမားကက်လက်တွန်းလှည်း၁၅စီး၊ ရုပ်မြင်သံကြား စက်ခုနစ်လုံး၊ မီးဆိုင်းခြောက်ခု၊ ခုတင်နှစ်လုံး၊ စကိတ်တစ်စုံ စသည်တို့ပါဝင်ကြောင်း ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြထားသည်။

အရေပြားလူသား

